SWIS-H
STATEWIDE INFANT SCREENING - HEARING



# ကိုယ့်ကလေးကို ဘာကြောင့် အကြားအာရုံ ထပ်မံစစ်ဆေးဖို့ လိုအပ်သလဲ။

သင့်ကလေးတွေကို အကြားအာရုံထပ်မံ စစ်ဆေးဖို့ လိုအပ်နိုင်ပါတယ်။

အဲဒါဟာ သင့်ကလေးရဲ့ အကြားအာရုံ ဆုံးရှုံးသွားပြီးလို့ ပြောတာမဟုတ်ပါဘူး။ ရလာဒ်အရ အခြား အကြောင်းတွေရှိလို့လဲ ဖြစ်နိုင်ပါတယ်။

နောက်ထပ်စမ်းသတ်ဖို့လိုတဲ့ အကြောင်းရင်းတွေထဲမှာ အများဆုံး ဖြစ်နိုင်တာက မွေးဖွားပြီးတဲ့အချိန်မှာ အရည် သို့မဟုတ် တစ်ခုခု သင့်ကလေး နားထဲမှာ ပိတ်ဆို့နေလို့ ဖြစ်နိုင်ပါတယ်။

များသောအားဖြင့် နောက်ထပ်စမ်းသတ်မှုကို သင်နဲ့ သင့်ကလေး ဆေးရုံကမဆင်းခင် ပြုလုပ်တတ်ကြပါတယ်။

သင်နဲ့ သင့်ကလေးကို ဆေးရုံမှာ စမ်းသတ်မှုပြုလုပ်ဖို့ မဖြစ်နိုင်ဘူးဆိုရင် ဆေးရုံဆင်းပြီးတာနဲ့ မကြာခင်မှာ သင့်ကလေးအတွက် အကြားအာရုံ ထပ်မံစမ်းသတ်မှုကို ပြင်ပလူနာအနေနဲ့ဖြစ်စေ၊ ကိုယ့်ရပ်ကွက်ထဲက တစ်နေရာမှာဖြစ်စေ ပြုလုပ်ပေးမှာဖြစ်ပါတယ်။

သင့်ကို ဒီစာစောင်ပေးတဲ့သူက ဘယ်အချိန်၊ ဘယ်နေရာမှာ အကြားအာရုံထပ်မံစစ်ဆေး နိုင်တယ်ဆိုတာ အကြံပေးပါလိမ့်မယ်။

## ရလာဒ်များ

အကြားအာရုံစစ်ဆေးမှု ပြီးတာနဲ့တစ်ပြိုင်နက် ရလာဒ်တွေကို ရှင်းပြပါမယ်။ ပြီးရင် သင့်ကလေးရဲ့ တစ်ကိုယ်ရေကျန်းမာရေး မှတ်တမ်း (စာအုပ်အပြာ) ထဲမှာ မှတ်တမ်းတင်ထားပါမယ်။

ထပ်မံစမ်းသတ်မှုရဲ့ ရလာဒ်ဟာ မရှင်းလင်းသေးဘူးဆိုရင် သင့်ကလေးကို အကြားအာရုံပညာရှင်နဲ့ ပြပြီး အကြားအာရုံ ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက်ပြုလုပ်ဖို့ လမ်းညွှန်ပါလိမ့်မယ်။ အကြားအာရုံ ပညာရှင်ဟာ အကြားအာရုံ စမ်းသတ်မှုမှာ အထူးကျွမ်းကျင်သူဖြစ်ပါတယ်။

သင့်ကလေး ဘယ်လောက်အကြားအာရုံ ကောင်းသလဲဆိုတာ တတ်နိုင်သမျှအမြန်ဆုံး လေ့လာကြည့်ဖို့လိုပါတယ်။ အဲဒါမှ သင်နဲ့ သင့်ကလေးဟာ မှန်ကန်တဲ့ အကြံပြုချက်နဲ့ အထောက်အပံ့တွေ ရနိုင်မှာဖြစ်ပါတယ်။

နောက်ထပ် အကြောင်းအရာ ပိုပြီး သိလိုပါက အောက်ပါ ဝဘ်ဆိုက် သို့ သွား ၍ ကြည့်နိုင်ပါသည်။

http://www.health.nsw.gov.au/kids-families

ဒေသတွင်း ဆက်သွယ်ရန်/ ချိန်းဆိုရန် အသေးစိတ်အချက်အလက်များ

ကျန်းမာရေးဆိုင်ရာအကြံဉာဏ်အတွက် *healthdirect Australia*
http://www.healthdirect.gov.au/
1800 022 222

**Burmese** - Why does my baby need a repeat hearing screen?

NSW GOVERNMENT | Health

© NSW Health September 2016 SHPN (NKF) 150217